ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၇) ၂၀၂၄ခုနှစ် ဇူလိုင်လ ၁၈ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသောဥပဒေသတင်းအချက်အလက်များ။ | ၂-၄ |
| ၂။ | ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကြေး၊အာမခံကြေး၊သက်တမ်းတိုးကြေး၊ရက်လွန်ကြေးနှင့်လိုင်စင်သက်တမ်းသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၅-၆ |
| ၃။ | ဗီယက်နမ်နိုင်ငံမှထုတ်ပြန်ထားသော ဆက်သွယ်ရေးဥပဒေအသစ်အပေါ် လေ့လာတင်ပြခြင်း။ | ၇-၉ |
| ၄။ | ထိပ်တန်းကုန်အမှတ်တံဆိပ်အပြောင်းအလဲများ။ | ၁၀-၁၃ |
| ၅။ | အစ္စရေးနိုင်ငံသားအား တည်းခိုခွင့်ပြုရန်ငြင်းပယ်ခဲ့သည့်ဟိုတယ်ကို ဂျပန်အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း။ | ၁၄-၁၅ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ဝင်များအား နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခြင်းအမိန့်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြည်တွင်း၌ထုတ်လုပ်မည့် လောင်စာဆီသုံးယာဉ်များ Semi-Knocked Down – SKD စနစ်နှင့် Completely Knocked Down – CKD စနစ်တို့ဖြင့်တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများအား ဖြေလျှော့ခွင့်ပြုခြင်းအမိန့်ကြော်ငြာစာ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသည့် တီထွင်မှုမူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကိုအပ်နှင်းခြင်းအမိန့်ကြော်ငြာစာ၊ တီထွင်မှုရာဇဝတ်မှုများကိုစစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်အာဏာများကိုအပ်နှင်းခြင်းအမိန့်ကြော်ငြာစာ၊ တီထွင်မှုတရားရုံး၏ရာဇဝတ်ဆိုင်ရာစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ပြင်ဆင်မှုများကိုစစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းခြင်း အမိန့်ကြော်ငြာစာ၊ တီထွင်မှုမူပိုင်ခွင့်တရားရုံး၏တရားမမူလမှုစီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်း အမိန့်ကြော်ငြာစာ၊ တီထွင်မှုမူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့် အာဏာများကိုအပ်နှင်းခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန်ဖော်ပြ ဝန်ဆောင်မှုပေးထားပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် စီးပွားရေး ပြန်လည်ကောင်းမွန်တိုးတက်လာစေရန်နှင့် ပြည်တွင်းအသေးစား၊အငယ်စား၊အလတ်စားစီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်အရ ၃၀.၅.၂၀၂၄ ရက်နေ့တွင် အမိန့်

ကြော်ငြာစာအမှတ်(၄၂/၂၀၂၄)ဖြင့် ပြည်တွင်း၌ထုတ်လုပ်မည့်လောင်စာဆီသုံးယာဉ်များ Semi-Knocked Down – SKD စနစ်နှင့် Completely Knocked Down – CKD စနစ်တို့ဖြင့် တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများကို ဖြေလျှော့ခွင့်ပြုသည့်အမိန့်ကြော်ငြာစာကို ထုတ်ပြန် ကြေညာခဲ့ပြီး ယင်းအမိန့်ကြော်ငြာစာမှာ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၈.၅.၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ်(၄၁/၂၀၂၄)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ဝင်များအား နိုင်ငံရေးပင်စင် ခံစားခွင့်ပြုခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအမိန့်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ နိုင်ငံတော်တစ်ဝန်းလုံးတွင် အရေးပေါ်အခြေအနေကြေညာထားစဉ် ကာလအတွင်း ယင်းဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွင်တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များသည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များသည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များသည်လည်းကောင်း အခြားသောပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနည်းတူ သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသည့်လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ ထို့ပြင် အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိလျှင်ဖြစ်စေ၊သက်တမ်းတစ်ခုတွင် လစ်လပ်ရာထူးအတွက် တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရလျှင်ဖြစ်စေ ယင်းတာဝန်ထမ်းဆောင်သည့်ကာလအတွက် မိမိရရှိသည့်လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကိုလည်းကောင်း၊ သက်တမ်းကာလမပြည့်မီ

ကွယ်လွန်ပါက ယင်းတို့ရရှိသည့်လစဉ်ချီးမြှင့်ငွေကိုအခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်သည့်တစ်လုံးတစ်ခဲတည်းသော မိသားစုနိုင်ငံရေးပင်စင်ချီးမြှင့်ငွေကိုလည်းကောင်း ခံစားခွင့်ရှိမည်ဖြစ်ပြီး နိုင်ငံရေးပင်စင်တစ်ရပ်ထက်ပို၍ ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိနှစ်သက်ရာတစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်ဟု ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပင်စင်ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်မည့်လောင်စာဆီသုံးယာဉ်များ Semi-Knocked Down – SKD စနစ်နှင့် Completely Knocked Down – CKD စနစ်တို့ဖြင့် တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍လည်းကောင်း လေ့လာလိုသူများအနေဖြင့် MLIS Website တွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၇) ၂၀၂၄ခုနှစ် ဇူလိုင်လ ၁၈ ရက်

## ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ကြေး၊ အာမခံကြေး၊ သက်တမ်းတိုးကြေး၊ ရက်လွန်ကြေးနှင့် လိုင်စင်သက်တမ်းသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်းသည့်သတင်းစဉ်

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကြေး၊ အာမခံကြေး၊ သက်တမ်းတိုးကြေး၊ ရက်လွန်ကြေးနှင့် လိုင်စင်သက်တမ်းသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၁၇ နှင့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ အလုပ်သမားဝန်ကြီးဌာနသည် ထိုင်းနိုင်ငံမှအပ ကျန်နိုင်ငံများအတွက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကြေးကို ငွေကျပ် ၃၀၀,၀၀၀ (ကျပ်သုံးသိန်းတိတိ)၊ထိုင်းနိုင်ငံအတွက် လိုင်စင်လျှောက်ထားလိုပါက ငွေကျပ်၂၀၀,၀၀၀(ကျပ်နှစ်သိန်းတိတိ)ဟုလည်းကောင်း၊ ထိုင်းနိုင်ငံမှအပ ကျန်နိုင်ငံများအတွက် အကျိုးဆောင်လိုင်စင်အာမခံကြေးကို ငွေကျပ်၃၀,၀၀၀,၀၀၀(ကျပ်သိန်းသုံးရာတိတိ)၊ထိုင်းနိုင်ငံအတွက် အကျိုးဆောင်လိုင်စင်အာမခံကြေး ငွေကျပ် ၁၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ရာတိတိ) ဟုလည်းကောင်း၊ သက်တမ်းတိုးကြေးအနေဖြင့် လျှောက်ထားမည့်နိုင်ငံများအတွက် ငွေကျပ်၂၀၀,၀၀၀(ကျပ်နှစ်သိန်းတိတိ)ဟုလည်းကောင်း၊အကျိုးဆောင်လိုင်စင်ရက်လွန်ကြေးပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ အတွင်းသက်တမ်းတိုးလျှောက်ထားခြင်းဖြစ်ပါက ငွေကျပ် ၁,၀၀၀,၀၀၀ (ကျပ်တစ်ဆယ်သိန်းတိတိ)၊ ရက်ပေါင်း ၆၀ အတွင်း သက်တမ်းတိုးလျှောက်ထားခြင်းဖြစ်ပါက ငွေကျပ် ၂,၀၀၀,၀၀၀ (ကျပ်သိန်းနှစ်ဆယ်တိတိ)၊ရက်ပေါင်း ၉၀ အတွင်းသက်တမ်းတိုးလျှောက်ထားခြင်းဖြစ်ပါက ငွေကျပ် ၃,၀၀၀,၀၀၀ (ကျပ်သိန်းသုံးဆယ်တိတိ)ဟုလည်းကောင်း သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

အကျိုးဆောင်လိုင်စင်သက်တမ်းမှာတစ်နှစ်ဖြစ်ကြောင်း၊ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်း မကုန်ဆုံးမီ နှစ်လကြိုတင်၍ သက်တမ်းတိုးပေးရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့လျှောက်ထား ရမည်ဖြစ်ကြောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ယင်းလျှောက်ထားချက်ကိုစိစစ်ပြီး

တစ်ကြိမ်လျှင် နှစ် နှစ်စီ သက်တမ်းတိုးခွင့်ပြုနိုင်ကြောင်း၊ ထိုင်းနိုင်ငံမှအပ ကျန်နိုင်ငံများအတွက် အကျိုးဆောင်လိုင်စင်သက်တမ်းတစ်နှစ်ပြည့်သည့် အကျိုးဆောင်လိုင်စင်ရရှိထားသူသည် သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီပါက ထိုင်းနိုင်ငံအတွက် အကျိုးဆောင်လိုင်စင် ထပ်မံ လျှောက်ထားနိုင်ကြောင်း၊ အကျိုးဆောင်လိုင်စင်ရရှိသူသည် အကျိုးဆောင်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အကျိုးဆောင်လိုင်စင်ပြန်လည် အပ်နှံရမည်ဖြစ်ကြောင်း၊ ထိုသို့အပ်နှံပြီးနောက် အကျိုးဆောင်လိုင်စင်ရရှိသူက နောက်ဆုံးစေလွှတ်ခဲ့သည့်အလုပ်သမားများ၏ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့ရက်တွင် အာမခံကြေးကို ပြန်လည်ထုတ်ယူခွင့်ရှိကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: အလုပ်သမားဝန်ကြီးဌာန

## ဗီယက်နမ်နိုင်ငံမှထုတ်ပြန်ထားသော ဆက်သွယ်ရေးဥပဒေအသစ်အပေါ် လေ့လာတင်ပြခြင်း

ဗီယက်နမ်နိုင်ငံတွင် ဆက်သွယ်ရေးဆိုင်ရာဥပဒေပြုမူဘောင်ကိုတိုးမြှင့်သတ်မှတ်ပြီး ခေတ်နှင့်အညီဖြစ်စေရေးအတွက် ဆက်သွယ်ရေးဥပဒေအသစ်ကိုထုတ်ပြန်ထားရာ အဆိုပါဥပဒေအသစ်သည် ၁-၇-၂၀၂၄ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်သော်လည်း ဒေတာစင်တာများ၊ cloud computing နှင့် over-the-top (OTT) ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များအတွက် စည်းမျဉ်းစည်းကမ်းများမှာ ၁-၇-၂၀၂၅ ရက်နေ့တွင် အကျိုးသက်ရောက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါဥပဒေအသစ်သည် လက်ရှိဆက်သွယ်ရေးဥပဒေကို ပယ်ဖျက်၍ အစားထိုးမည်ဖြစ်ပြီး ပေါ်ပေါက်လာသော ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးသူများ၏ စည်းမျဉ်းအသစ်များ၊ ဒေတာစင်တာများ၊ cloud computing နှင့် over-the-top (OTT) ဆက်သွယ်ရေးများ ပါဝင်လာစေရန် ဥပဒေ၏နယ်ပယ်ကို တိုးချဲ့ထားကြောင်း တွေ့ရှိရပါသည်။

ဥပဒေအသစ်သည် ဆက်သွယ်ရေးဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ဆက်သွယ်ရေးသုံးပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းအပါအဝင် ဗီယက်နမ်နိုင်ငံရှိ တယ်လီဖုန်းဆက်သွယ်ရေးသို့မဟုတ် ဆက်စပ်လုပ်ငန်းများတွင် တိုက်ရိုက်ပတ်သက်နေသည့် ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်သက်ဆိုင်ကြောင်း တွေ့ရှိရသည်။

အဆိုပါဥပဒေအသစ်သည် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများပေးဆောင်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်ထားခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားသားပိုင်အဖြစ် ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်ခွင့်ပေးထားသည်။ ထို့ပြင် သက်ဆိုင်ရာအာဏာပိုင်များ၏လမ်းညွှန်မှုဖြင့် နိုင်ငံနယ်နိမိတ်ဖြတ်ကျော်ဝန်ဆောင်မှုပေးခြင်းများကိုလည်း ဥပဒေက ခွင့်ပြုထားပါသည်။

ဆက်သွယ်ရေးဥပဒေအသစ်အရ ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်သည့်ကုမ္ပဏီများ အနေဖြင့် အခြေခံအဆောက်အအုံတည်ဆောက်ကာ ဝန်ဆောင်မှုပေးခြင်းဟုတ် မဟုတ်အပေါ်မူတည်၍

သီးခြားလိုင်စင်နှင့် လုပ်ငန်းအမျိုးအစားအလိုက်ပေးသောလိုင်စင်ဟူ၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် အမျိုးအစား ၂ မျိုး သတ်မှတ်ထားပါသည်။

ဤလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်အသစ်သည် ဆက်သွယ်ရေးကွန်ယက်များ တည်ဆောက်မှုနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းတို့အပေါ်မူတည်ကာ သတ်မှတ်ထားခြင်းဖြစ်ပြီး လက်ရှိတည်ဆဲဥပဒေနှင့်ကွဲပြားကြောင်း တွေ့ရှိရပါသည်။ လက်ရှိတည်ဆဲဥပဒေ အရထုတ်ပြန်ထားသော လုပ်ငန်းလိုင်စင်များသည် သက်တမ်းကုန်ဆုံးသည်အထိ ဆက်လက် သက်တမ်းရှိနေမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဆက်သွယ်ရေးဥပဒေအသစ်၏ ပုဒ်မ ၂၀ အရ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ရယူရမည် သို့မဟုတ် မှတ်ပုံတင်ပြီး ၎င်းတို့၏ ဝန်ဆောင်မှုများအကြောင်း သက်ဆိုင်ရာအာဏာပိုင်များထံ အကြောင်းကြားရမည်။ သို့ရာတွင် အချို့ သောအဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များသည် အောက်ပါလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့်အခါ ယင်းသို့ဆောင်ရွက်ရခြင်းမှ ကင်းလွတ်ခွင့်ရှိသည် -

- ဆက်သွယ်ရေးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
- ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆက်သွယ်ရေးဝန်ဆောင်မှုကိုယ်စားလှယ်များ အဖြစ် ပံ့ပိုးပေးခြင်း၊
- ဆက်သွယ်ရေးလုပ်ငန်းလျှောက်ထားခြင်းဆိုင်ရာ ဝန်ဆောင်မှုများပေးရန် သွယ်တန်းထား သောလိုင်းများ ငှားရမ်းခြင်း နှင့်
- ဆက်သွယ်ရေးကွန်ယက်အဖွဲ့ဝင်များသည် တူညီသော အဖွဲ့အစည်းတစ်ခုနှင့်သက်ဆိုင်ပြီး ၎င်းတို့၏ကိုယ်ပိုင်ဆက်သွယ်ရေးလိုင်းများ ကိုယ်ပိုင်ဆက်သွယ်ရေးကွန်ယက်လည်ပတ် ဆောင်ရွက်ခြင်း၊

အဆိုပါကင်းလွတ်ခွင့်များသည် သီးခြားဆက်သွယ်ရေးလုပ်ငန်းများအတွက် စည်းမျဉ်းစည်းကမ်း လုပ်ငန်းစဉ်များကိုချောမွေ့စေပြီး ယင်းနယ်ပယ်များတွင် ပါဝင်သည့်အဖွဲ့အစည်းများအတွက် အုပ်ချုပ်ရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ
https://www.aseanbriefing.com/news/vietnams-updated-telecommunications-law-takes-effect-july-1/
https://www.allenandgledhill.com/perspectives/articles/27572/vnkh-s-telecoms-law-overhauled-to-align-with-digital-economy?agreed=cookiepolicy#:~:text=The%20new%20Law%20on%20Telecommunications,effect%20from%201%20January%202025.

## ထိပ်တန်းကုန်အမှတ်တံဆိပ်အငြင်းပွားမှုများ

အသင့်စား စားစရာများ ရောင်းချသော McDonald's နှင့် အိုင်ယာလန်ဆိုင်ခွဲ Supermac တို့ ကုန်အမှတ်တံဆိပ်ဆိုင်ရာအငြင်းပွားမှုတွင် McDonald's ရှုံးနိမ့်ခဲ့ပြီးနောက် ကာလရှည်ကြာ တရားဥပဒေဆိုင်ရာအငြင်းပွားမှုမှာ အဆုံးသတ်သွားခဲ့ပြီဖြစ်ပါသည်။ အဆိုပါစီရင်ချက်ကြောင့် McDonald's အနေဖြင့် ၎င်း၏ထုတ်ကုန်တစ်ခုဖြစ်သော ကြက်သားဘာဂါနှင့်စပ်လျဉ်းပြီး Big Mac ဟူသောအမည်ကိုအသုံးပြုခွင့်ဆုံးရှုံးသွားခဲ့ပါသည်။ Supermac အနေဖြင့် အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် ဥရောပတစ်ခွင်တွင်ဆိုင်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ခိုင်မာသောကုန်အမှတ်တံဆိပ်သည် အမှတ်တံဆိပ်တစ်ခု၏ယုံကြည်စိတ်ချရမှု၊ အဆင့်အတန်းရှိမှု၊တန်ဖိုးရှိမှုကို ကိုယ်စားပြုလျက်ရှိသည်။ ရေရှည်ရပ်တည်လုပ်ကိုင်မည့် မည်သည့်လုပ်ငန်းအတွက်မဆို ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုများ ဖြစ်ပေါ်စေနိုင်သည့်အချက်များကို သတိပြုမိရန် အရေးကြီးပါသည်။ သြဇာလွှမ်းမိုးမှုရှိသော၊ စိတ်ချယုံကြည်ရသော ကုန်အမှတ်တံဆိပ်ကြောင့် ပြည်တွင်း၊ ပြည်ပနှစ်ရပ်လုံး၌ စီးပွားရေးလုပ်ငန်းအောင်မြင်မှုများဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

### ကုန်အမှတ်တံဆိပ်ချိုးဖောက်မှု ထိပ်တန်းဖြစ်ရပ် ၅ ခုမှ တွေ့ရှိရမည့် သင်ခန်းစာများ

1. Apple Inc. နှင့် Apple Corps တို့ကြား ဖြစ်ပွားသော Apples ကုန်အမှတ်တံဆိပ်ဆိုင်ရာအငြင်းပွားမှု

Beatles ကို ကိုယ်စားပြုသည့်တေးဂီတကုမ္ပဏီ Apple Corps က iPhone နှင့် Mac ကွန်ပျူတာများထုတ်လုပ်သော Apple Inc. (ထိုစဉ်က Apple Computer) ကို Apple ကုန်အမှတ်တံဆိပ်ဆိုင်ရာချိုးဖောက်မှုဖြင့် ၁၉၇၈ ခုနှစ်တွင် စတင် တရားစွဲဆိုခဲ့ပါသည်။ 1981 ခုနှစ်တွင် Apple Computer က Apple အမှတ်တံဆိပ်ကို ဂီတကဏ္ဍတွင် အသုံးပြုဆောင်ရွက်ခြင်းမပြုရန် သဘောတူခဲ့ပါသည်။သို့သော် 2003 ခုနှစ်တွင် iTunes ဖြင့် ဂီတဈေးကွက်သို့ချဲ့ထွင်လာသဖြင့်Apple Corps က

နောက်ထပ်တရားစွဲဆိုခဲ့ပါသည်။ 2006 ခုနှစ်တွင် ကုန်သွယ်မှုအမှတ်တံဆိပ်နှစ်ခုကြားတွင် ရှုပ်ထွေးမှုများမရှိနိုင်ကြောင်း တရားရုံးများက ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ အမှတ်တံဆိပ်များဖန်တီးသည့်အခါမတူညီသောလုပ်ငန်းများကြား အငြင်းပွားနိုင်ဖွယ်ရာများနှင့်နားလည်မှုလွဲမှားနိုင်ဖွယ်ရာရှိမှုများကို တားဆီးရန်အတွက် ရှင်းလင်းပြတ်သားသောသတ်မှတ်ချက်များတည်ရှိရန် အရေးကြီးကြောင်း တွေ့ရမည်ဖြစ်ပါသည်။

2. Starbucks နှင့် Sambucks ကော်ဖီ

2001 ခုနှစ်တွင် Starbucks က Sam Penix ၏ အော်ရီဂွန် ကော်ဖီဆိုင် Sambucks ကို ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုဖြင့်တရားစွဲခဲ့သည် ။Sambucks ၏အမည်နှင့် logo သည် သိသိသာသာတူညီနေသည်ဟု Starbucks က ပြောဆိုခဲ့ပြီး Penix ကမူ "Sambucks" ဆိုသည်မှာ ကော်ဖီနှင့်ဆက်နွယ်လျက်ရှိသော "bucks"ဟူသော အသုံးအနှုန်းနှင့် သူမ၏နာမည်ပေါင်းစပ်မှုတစ်ခုဖြစ်ကြောင်း၊ Starbucks ၏ logo နှင့်ကွဲပြားကြောင်းခုခံချေပခဲ့သည်။ Penix သည် တရားစွဲဆိုမှုကို တုံ့ပြန်ရာတွင် ဒေသခံအသိုင်းအဝိုင်းထံမှပံ့ပိုးကူညီမှုကိုရယူခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဆိုင်နာမည်နှင့် logo များကို အသစ်ရွေးချယ်အသုံးပြုလိုက်ခြင်းဖြင့် အငြင်းပွားမှုကိုဖြေရှင်းခဲ့သည်။ထူးခြားသည်မှာ သူမအနေဖြင့် နစ်နာကြေးပေးရန် လိုအပ်ခြင်း မရှိခဲ့ပါ။ ဤဖြစ်ရပ်တွင် ကုန်အမှတ်တံဆိပ်များနှင့်ပတ်သက်ပြီး လုပ်ငန်းငယ်များအပေါ် အလေးပေးထားသည်ကိုတွေ့ရပြီး အမှတ်တံဆိပ်မကပ်မီ စေ့စေ့စပ်စပ်ရှာဖွေမှုများပြုလုပ်ခြင်း၏အရေးပါမှုကို အလေးပေးဖော်ပြနေသည်ကို တွေ့ရပါသည်။

3. Adidas Vs. Payless Shoes

နာမည်ကျော်အားကစားဝတ်စုံကုမ္ပဏီ Adidas သည် ၎င်း၏ထူးခြားသောသုံးစင်း logo အတွက် အသိအမှတ်ပြုမှုများရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ 2001 ခုနှစ်တွင် Adidas က အစင်းနှစ်စင်းနှင့် လေးစင်းစီခြယ်ထားသော ဖိနပ်များကိုရောင်းချသည့် Payless Shoes ကို အမှတ်တံဆိပ်ချိုးဖောက်မှုဖြင့်တရားစွဲဆိုခဲ့ပါသည်။ ကာလရှည်ကြာတရားစွဲဆိုမှုများအပြီး 2008 ခုနှစ်တွင် Adidasက

အနိုင်ရရှိခဲ့ပြီး ဒေါ်လာ 305 သန်းရရှိခဲ့သည်။ ဤရလဒ်သည် ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုတရားစွဲဆိုမှုများတွင် များပြားလှသော အထင်ကရ ရလဒ်တစ်ခုဖြစ်ကြောင်းလည်း တွေ့ရပါသည်။

သို့ဖြစ်၍ ပြုပြင်မွမ်းမံမှုများ သို့မဟုတ် တုပမှုများသည် အမှတ်တံဆိပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပြီး ဉာဏပစ္စည်းများ၏တန်ဖိုးကို ကျဆင်းစေနိုင်သောကြောင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များကို ပြင်းထန်စွာ ကာကွယ်ရန် အရေးပါကြောင်း တွေ့ရမည်ဖြစ်ပါသည်။

4. Louis Vuitton v. Louis Vuiton Dak

နိုင်ငံတကာအမှတ်တံဆိပ်ချိုးဖောက်မှု၏ အံ့အားသင့်ဖွယ်ကိစ္စတစ်ခုမှာ မကြာသေးမီက ဖြစ်ပွားခဲ့သော တောင်ကိုးရီးယားကြက်ကြော်လုပ်ငန်းတစ်ခုနှင့် နာမည်ကြီး ဒီဇိုင်နာ Louis Vuitton တို့ကြားဖြစ်ပွားသော ကုန်အမှတ်တံဆိပ်အငြင်းပွားမှုကိစ္စရပ်ဖြစ်ပါသည်။ စားသောက်ဆိုင်၏အမည် Louis Vuiton Dak သည် Louis Vuitton နှင့် အလွန်အမင်းဆင်တူသည်ကိုတွေ့သောကြောင့် တရားရုံးကဒီဇိုင်နာအားအနိုင်ပေးခဲ့ပါသည်။ ထို့အပြင် စားသောက်ဆိုင်၏ logo နှင့်ထုပ်ပိုးမှုတို့သည် ဒီဇိုင်နာ၏အထင်ကရပုံများနှင့် သိသိသာသာဆင်တူနေခဲ့ကြောင်းလည်း တွေ့ရပါသည်။ အဆိုပါ စားသောက်ဆိုင်သည် တရားရုံး၏စီရင်ချက်ကိုလိုက်နာရန် ပျက်ကွက်သည့်အတွက် နောက်ထပ် ဒဏ်ငွေ ဝမ် ၁၄.၅ သန်းလည်း ဒဏ်ရိုက်ခံခဲ့ရပါသည်။ ထို့နောက်တွင် ကြက်ကြော်ဆိုင်က ၎င်း၏ ဆိုင်နာမည်ကို LOUISVUI TONDAK ဟု ပြောင်းလဲခဲ့ပါသည်။

သို့ဖြစ်၍ အခြားအမှတ်တံဆိပ်များနှင့် အလွန်အမင်းဆင်တူအောင် တုပခြင်းကို ရှောင်ကြဉ်ခြင်းဖြင့် ကုန်ကျစရိတ်များပြားလှသော ဥပဒေအရ ရင်ဆိုင်ဖြေရှင်းမှုများကို ရှောင်ရှားနိုင်မည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

5. Academy Awards v. GoDaddy

Academy Awards က customers များအား betacademyawards.com၊ 2011Oscars.com၊ academywardbuzz.com၊ academywards.net၊ oscarsredcarpet.com နှင့် အခြား domains

များကိုဝယ်ယူခွင့်ပြုသော GoDaddy ကို တရားစွဲဆိုခဲ့ပါသည်။ GoDaddy က သုံးစွဲသူများအား အဆိုပါဝဘ်ဆိုဒ်များတွင် ကြော်ငြာခြင်းဖြင့်ဝင်ငွေရရှိစေသည်ဟု စွပ်စွဲထားခြင်းဖြစ်ပါသည်။ အမှု၏ ကနဦးအဆင့်တွင် Academy Awards က ၎င်းမှတ်ပုံတင်ထားသောဒိုမိန်း ၂၉၃ ခု အနက်မှ ၅၇ ခု ၏ ကုန်အမှတ်တံဆိပ်များနှင့် လွဲမှားလောက်သည့်အထိ ဆင်တူနေသည်ဟု သက်သေတင်ပြခဲ့ပါသည်။ သို့သော်လည်း တရားသူကြီးက GoDaddy အနေဖြင့် အမြတ်ထုတ်ရန် ရည်ရွယ်ချက်မရှိဟု စီရင်ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် GoDaddy သည် အသုံးပြုသူများ၏ကိုယ်စားပြုမှုများအပေါ် မှီခိုရပြီး ၎င်းတို့၏ ဒိုမိန်းမှတ်ပုံတင်မှုများသည် မည်သည့်ကုန်အမှတ်တံဆိပ်ကိုမျှ ချိုးဖောက်ခြင်းမရှိကြောင်း အလေးပေးပြောကြားခဲ့သည်။ Academy Awards နှင့် GoDaddy တို့ကြား ငါးနှစ်တာ အမှုရင်ဆိုင်ခဲ့ရပြီး များပြားလှသောကုန်ကျစရိတ်များရှိခဲ့ခြင်းကြောင့် ဆိုက်ဘာနယ်ပယ်အတွက် ဤအမှုသည် အရေးပါလျက်ရှိပါသည်။

သို့ဖြစ်၍ ဥပဒေဆိုင်ရာအငြင်းပွားမှုသည် ငြင်းမရလောက်အောင် ကုန်ကျစရိတ်များသောကိစ္စရပ်ဖြစ်သော်လည်း ဆိုက်ဘာနယ်ပယ်အတွက် သိသာထင်ရှားသော စံနမူနာတစ်ခုအဖြစ် မှတ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် မိမိ၏ကုန်အမှတ်တံဆိပ်ကို ကာကွယ်ရန်အတွက် လက်ဦးမှုရယူ တရားစွဲဆိုခြင်းသည် ကျိုးကြောင်းဆီလျော်မှုမရှိဟု GoDaddy ဖြစ်ရပ်မှတစ်ဆင့်သိရှိနိုင်ပြီး အလားတူတရားစွဲဆိုမှုများကို တားဆီးနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.lawyer-monthly.com/2024/06/top-5-trademark-disputes-of-all-time/

## အစ္စရေးနိုင်ငံသားအား တည်းခိုခွင့်ပြုရန်ငြင်းပယ်ခဲ့သည့်ဟိုတယ်ကို ဂျပန်အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း

ဂျပန်နိုင်ငံရှိဟိုတယ်တစ်ခုတွင် အစ္စရေးလူမျိုးတစ်ဦးအားတည်းခိုခွင့်ပြုရန် ငြင်းပယ်ခဲ့မှုအပေါ် တိုကျိုအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုပြုခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုကိုကာမိကာဝ က ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုသို့တည်းခိုရန်ကြိုတင်စာရင်းသွင်းမှုကို ဟိုတယ်က ငြင်းပယ်ခြင်းသည် ဂါဇာတွင် လုပ်ရှားဆောင်ရွက်နေသော အစ္စရေးကာကွယ်ရေးတပ်ဖွဲ့နှင့် ချိတ်ဆက်မှုရှိနိုင်သည်ဟု ဟိုတယ်က ယုံကြည်ခြင်းကြောင့်ဖြစ်ကြောင်း အစ္စရေးလူမျိုးက စွပ်စွဲပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာလူအခွင့်အရေးဥပဒေကတားမြစ်ထားသည့် စစ်ပွဲဆိုင်ရာလုပ်ရှားမှုများတွင် ပါဝင်သူ သို့မဟုတ် ထောက်ပံ့သူဖြစ်နိုင်သည့်လူတစ်ဦးအား ဟိုတယ်၌တည်းခိုခွင့်ပြုခြင်းသည် စစ်ရာဇဝတ်မှုဖြင့် တရားစွဲခံရနိုင်ခြေရှိသူအားကူညီပေးသူ သို့မဟုတ် ကြံရာပါသူအဖြစ်သို့ ရောက်ရှိနိုင်သည့်အခြေအနေအား စိုးရိမ်မှုကြောင့်ဖြစ်ကြောင်း ဟိုတယ်က ပြန်လည်ပြောဆိုခဲ့ပါသည်။

ဂျပန်နိုင်ငံ၏ Inns and Hotel Act ပုဒ်မ ၅ တွင် စီးပွားရေးလုပ်ငန်းရှင် (ဟိုတယ်)သည် သီးခြားကိစ္စရပ်များမှတစ်ပါး နေရာထိုင်ခင်းစီစဉ်(တည်းခိုခွင့်)ပေးရန် ငြင်းပယ်ခြင်းမပြုရန် ပြဋ္ဌာန်းထားကြောင်း၊ သီးခြားကိစ္စရပ်များဟုဆိုရာတွင် တည်းခိုမည့်သူသည် ကန့်သတ်ရန်သတ်မှတ်ထားသော ကူးစက်ရောဂါရှိသူဖြစ်ခြင်း၊ အများပြည်သူအား အနှောင့်အယှက်ဖြစ်စေမည့်လောင်းကစားမှု သို့မဟုတ် ဥပဒေနှင့်ငြိစွန်းသောဆောင်ရွက်မှုနှင့်ဆက်စပ်ပတ်သက်နေသူဖြစ်ခြင်း၊ ကြိမ်ဖန်များစွာပြဿနာရှာတတ်သူဟု ကျန်းမာရေးနှင့်အလုပ်သမားရေးရာဝန်ကြီးဌာန၏ သတ်မှတ်ခြင်းကိုခံရသူဖြစ်ခြင်း၊ အခြားတည်းခိုသူများအားဝန်ဆောင်မှုပေးခြင်းကို ဟန့်တားသူဖြစ်ခြင်း၊ ဟိုတယ်၌ အခန်းလွတ်မရှိတော့ခြင်းနှင့် ဒေသန္တရဆိုင်ရာအမိန့်ညွှန်ကြားချက်များအရ ကန့်သတ်တားမြစ်ခြင်းတို့ ပါဝင်ကြောင်း တွေ့ရပါသည်။

နိုင်ငံသားဖြစ်မှု(လူမျိုး)အပေါ်အခြေခံ၍ တည်းခိုခွင့်ပြုရန်ငြင်းပယ်ခဲ့ခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိကြောင်းနှင့် ဂျပန်နိုင်ငံသို့လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် စိတ်နှလုံးအေးချမ်းစွာဖြင့် လည်ပတ်ကြည့်ရှုခြင်းကိုလိုလားပါကြောင်း ဝန်ကြီးကာမိကာဝ က သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist org/news/ Japan authorities investigate hotel’s refusal of accommodation to Israeli guest

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

